နန်းခင်ကျေးရွာ
နန်းခင်ကျေးရွာအုပ်စု
အင်းတော်မြို့နယ်
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
(၂၀၂၁-၂၀၂၂ခု(၆) လ)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တံတော်ကျေးရွာ၊ အင်းတော်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊မတ် လ ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁-၁
၂။	ကျေးရွာပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	၁-၁
	(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား	
	(ခ) သဘာဝအရင်းအမြစ်များ	
၃။	ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၁-၂
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	
	(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု	
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	
	(ဃ) ကျန်းမာရေးနှင့် အာဟာရ	
	(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ	
	(စ) ကျား-မဆိုင်ရာဆက်နွယ်မှု	
၄။	ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ	၂-၃
	(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်	
	(ခ) သီးနှံ၊ သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ	
	(ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	
	(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု	
	(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
	(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	
	(ဆ) လူငယ်နှင့်ယဉ်ကျေးမှု	
	(ဇ) အခြေခံအဆောက်အဦးများလက်လှမ်းမီမှု	
	(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး	
၅။	ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊	၄-၄
	အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ	
	(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ	
	(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ	
၆။	ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ	၄-၅
	(က) ဖွံ့ဖြိုးရေးပန်းတိုင်	
	(ခ) အကောင်အထည်ဖော်နည်းဗျူဟာ	

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၅-၅

(က) နှန်းခင့်ကျေးရွာ ဦးစားပေးစီမံချက်လုပ်ငန်းများ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၆-၆

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

(ခ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ဇယား

၉။ နောက်ဆက်တွဲများ

(၁) စီမံကိန်းဇယားများ

(၂) ကျေးရွာအရင်းအမြစ်ပြမြေပုံ

(၃) ရာသီခွင်ပြ ပြက္ခဒိန်

(၄) Venn Diagram

(၅) စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ

၁။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည်ကျေးရွာလူထု၊ဦးစီးဌာန၊နိုင်ငံတော်၊မိတ်ဖက်အဖွဲ့အစည်းများနှင့်တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ လိုအပ်ချက်၊ ကျေးရွာသူသားများဖြစ်ချင်သော ဆန္ဒကို ကျေးရွာသူ၊သားများ ကိုယ်တိုင်စီမံချက်ရေးဆွဲခြင်း၊ပါဝင်ဆွေးနွေးခြင်းဖြင့်အောင်မြင်သော စီမံကိန်းတစ်ရပ်ဖြစ်တည်လာအောင်ဖော်ဆောင်သည့် အစီအစဉ် ဖြစ်ပါသည်။

ရည်ရွယ်ချက်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာသူကျေးရွာသားများနှင့်အတူဆွေးနွေးဆုံးဖြတ်၍ လုပ်ငန်းစဉ်မှထွက်ပေါ်လာသည့် သတင်းအချက်အလက်များဖြစ်သည့် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ရင်ဆိုင်နေရသောပြဿနာများ၊ဖြေရှင်းရမည့်နည်းလမ်းများ၊ရည်မှန်းချက်၊လုပ်ငန်းစဉ်များအားစီမံကိန်းရေးဆွဲရေးအထောက်အကူပြုဧယားများတွင်တိကျမှန်ကန်စွာဖြည့်သွင်း၍ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်အားရေးဆွဲခြင်းအားဖြင့် မိမိတို့ကျေးရွာ၏လက်ရှိအနေအထား၊အားနည်းချက်အားသာချက်နှင့်နောင်အနာဂတ်တွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များလိုအပ်ချက်များကိုနိုင်ငံတော်မှဖွဲ့စည်းထားသည့်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ရှိတာဝန်ရှိအကြီးအကဲများ၊နိုင်ငံတကာအဖွဲ့အစည်းများ၊အစိုးရမဟုတ်သည့်အဖွဲ့အစည်းများကျေးရွာသို့လာရောက်ပါကသိရှိနိုင်ရန်နှင့်မိမိတို့ကျေးရွာလည်းပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်ရည်ရွယ်ပါသည်။

၂။ ကျေးရွာ၏ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ပထဝီအနေအထားနှင့်မြေမျက်နှာသွင်ပြင်အနေအထား

နန်းခင့်ကျေးရွာသည် အင်းတော်-ဗန်းမောက် ကားလမ်းမကြီး၏ဘေးတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးကောင်းမွန်ပါသည်။

နန်းခင့်ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး၊ လက်လီလက်ကားရောင်းဝယ် ရေးနှင့် ငါးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ မြေဆီဩဇာကောင်းမွန်သော လယ်ယာမြေများဖြစ်သည့် အတွက် စပါး၊မြေပဲ၊နေကြာစသည်တို့ကို အဓိကထား၍ စိုက်ပျိုးကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

မြေဩဇာကောင်းမွန်သောဒေသဖြစ်၍ လယ်ယာမြေ(၁၅၆)ကေခန့်ရှိပြီး စပါး၊မြေပဲ၊နေကြာတို့ကို အဓိက စိုက်ပျိုးကြပါသည်။ အင်းတော်ချောင်းမှစိုက်ပျိုးရေး အလွယ်တကူသွယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုးပါက သီးနှံအထွက်နှုန်းတိုးမြှင့်ရရှိနိုင်ပါသည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၆၂)၊ အိမ်ခြေ(၁၆၂)နှင့်ကျား(၄၀၅)၊ မ(၄၄၃)ဦးဖြင့် လူဦးရေစုစုပေါင်း (၈၄၈)ဦး နေထိုင်ကြပါသည်။ကျေးရွာတွင် ဗမာအများစုနေထိုင်ကြသည်။ ဗုဒ္ဓဘာသာကို အဓိကထား ကိုးကွယ်ကြသည်။အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးရေပေါင်း၏ (၇၀)ရာခိုင်နှုန်းခန့် ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်း၊ လက်လီလက်ကား ရောင်းဝယ်ရေးနှင့် ငါးလုပ်ငန်းတို့သည် အဓိကဝင်ငွေရစီးပွားရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေအထားမှာ အသင့်အတင့်သာရှိပါသည်။ ကျေးရွာတွင် ဆည်ရေသွင်းမြောင်းနှင့်မိုးရေကို အဓိကအားထား၍ စိုက်ပျိုးသောကြောင့် စီးပွားရေးမှာအသင့်အတင့်ကောင်းပါသည်။ယခု(၁)ကေလျှင် သီးနှံအထွက်နှုန်း (၁၀၀)မျှထွက်ရှိပါသည်။ ကျေးရွာတွင် ဆင်းရဲအဆင့်သည် မြေယာအနည်းငယ်ပိုင်ဆိုင်သူများ၊လက်လုပ်လက်စားနှင့် မြေယာမဲ့များ ပါဝင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့များမှာ ရာသီအလိုက်လယ်ယာလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေး လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေနိုင်ကြသည်။ကျေးရွာမှ လက်လုပ်လက်စားသမားများရှိသော်လည်း မိမိတို့၏ အခြေအနေကို ကိုယ်တိုင်ဖြေရှင်းဆောင်ရွက်နိုင်ကြပါသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ပါက စားဝတ်နေရေးပို၍ အဆင်ပြေနိုင်ပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ကျန်းမာရေးဌာနနှင့်မဝေးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိပါသည်။

မိုးရာသီတွင် သွေးလွန်တုပ်ကွေး၊ ငှက်ဖျားစသည့် ကူးစက်ရောဂါများ ဖြစ်ပွားတတ်ပါသည်။ဖ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင်မူလတန်းကျောင်းရှိပါသည်။ဘွဲ့ရပညာတတ်များရှိသော်လည်း အသက်မွေးဝမ်း ကျောင်း ပညာကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းမှာ နည်းပါးဆဲဖြစ်ပါသည်။

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင်ရပ်ကျိုးရွာကျိုးကိစ္စရပ်များ၌ အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှုရှိပါသည်။

အမျိုးသမီးရေးရာအဖွဲ့များနှင့် ကိုယ်ထူကိုယ်ထ လူငယ်အဖွဲ့အစည်းများလည်းရှိပါသည်။အမျိုးသမီးများအား အကြမ်းဖက်မှု(သို့) တိုင်ကြားမှုများစသည့် ဆိုးကျိုးများမရှိနိုင်ရန် အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ လူထုအသိအမြင်ရရှိရေး ဆွေးနွေးပွဲများ ကျင်းပနိုင်ရန်လိုအပ်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၊ဘာသာရေးဆိုင်ရာအဖွဲ့များနှင့်ပညာရေးဆိုင်ရာအဖွဲ့များရှိကြပြီးအဆိုပါအဖွဲ့အစည်းများမှာတစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ချိတ်ဆက်မှုရှိကြပြီးတစ်ဖွဲ့နှင့်တစ်ဖွဲ့ကူညီရိုင်းပင်းဆောင်ရွက်ကြပါသည်။

(ခ) သီးနှံ၊သား၊ငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးကိုအဓိကထားစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၁၅၃)ကရှိပါသည်။တောင်သူအများစုသည်လယ်ယာလုပ်ငန်းခွင်အတွက်အလုပ်သမားမလုံလောက်မှုလုပ်အားခအဆမတန်တောင်းဆိုမှုများကိုကြုံတွေ့နေရသည်။ ကျေးရွာတွင် ဝက်၊နွားနှင့်ကြက်များကို တနိုင်တပိုင်မွေးမြူသူများလည်းရှိပါသည်။ဆင်းရဲသောအိမ်ထောင်စုများမှာ မွေးမြူရေးတိုးချဲ့ဆောင်ရွက်ရန် ငွေကြေးလိုအပ်မှုများ မရရှိနိုင်ပါ။

(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အသက်မွေးဝမ်းကျောင်းဖြင့်ပြုလုပ်သောလုပ်ငန်းများ စက်ချုပ်ခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချခြင်းများရှိပါသည်။ လယ်မြေမရှိသောသူများသည် ကျေးရွာတွင်နေ့စားအလုပ်များ၊လက်လီလက်ကားရောင်းဝယ်ရေးများလုပ်ကိုင်ကြပါသည်။ငါးလုပ်ငန်းလုပ်သူများလည်း ရှိသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင်တောင်သူအများစုသည်ပိုးသတ်ဆေးများ၊မြေဆီဩဇာပိုမိုကောင်းမွန်ရန်သီးနှံအထွက်

တိုးရန်ရည်ရွယ်ချက်ဖြင့်စိုက်ပျိုးရေးဌာနမှထုတ်လုပ်သောပုလဲ၊မြေဩဇာများအသုံးပြုကြပါသည်။အချို့တောင်သူများမှလည်းစွန့်ပစ်ပစ္စည်းများဖြစ်သော နွားချေး၊ကြက်ချေးများကို အသုံးပြုကြသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာပန်ဆောင်မှု

ကျေးရွာ၌တောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောချေးငွေကိုကာလလတ်ချေးငွေအဖြစ်(၆)လမှ(၁)နှစ်ထိငွေ(၁၀၀)ကျပ်လျှင်(၈၅)ပြားနှုန်းဖြင့် ချေးယူကြပါသည်။ သမဝါယမချေးငွေမှလည်း ကာလတို ချေးငွေ(၃-၆)လအတွင်း(၁.၅)နှုန်းဖြင့်ချေးယူနိုင်သည်။ ရွာသားအများစုသည်ချေးငွေကိုပညာရေးကျန်းမာရေးနှင့်စား
နပ်ရိက္ခာအတွက်ချေးယူကြပါသည်။စိုက်ပျိုးရေးအရင်းအနှီးအဖြစ်လည်းသုံးကြပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ပညာရေး၌ မူလတန်းကျောင်းရှိပါသည်။ကျေးရွာသူ/သားများအသိအလိမ္မာတိုးလာစေ ရန်အကျိုးမရှိဘဲ အချိန်ဖြုန်းမနေစေရန်နှင့် ဗဟုသုတကြွယ်ဝလာစေရန် ရပ်ရွာစာကြည့်တိုက်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ လိုအပ်ပါသည်။ ကျေးရွာသည် ကျန်းမာရေးဌာနနှင့်လည်း နီးပါသည်။

ကျေးရွာတွင် ရေရရှိမှုမှာ အဝီစိတွင်းများကို အသုံးပြုကြပါသည်။ သုံးရေလုံလောက်မှုရှိသော်လည်းနေအိမ်အများစုမှာရေဆီပါသောကြောင့်သန့်ရှင်းသောသောက်သုံးရေရရှိရန် ခက်ခဲပါသည်။ဝမ်းပျက် ဝမ်းလျှောရောဂါများလည် ဖြစ်ပွားလေ့ရှိပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင်လူငယ်အများစုသည်လူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးဘာသာရေးကိစ္စရပ်များတွင်လည်း ပါဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦးများလက်လှမ်းမီမှု

ကျေးရွာတွင် တယ်လီဖုန်းလိုင်များရှိပြီးတာဝါတိုင်များ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ရေဒီယိုလိုင်းစသောဆက်သွယ်ရေးဆိုင်ရာများရှိပါသည်။အခြေခံအဆောက်အဦးများအနေဖြင့် ကြမ်းခင်း၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ထောင်၊ အုတ်တိုက်၊ တစ်ထပ်၊ နှစ်ထပ်စသည်တို့နှင့်နေထိုင်ကြပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

ကျေးရွာတွင်အုပ်ချုပ်ရေးမှူး၊ရာအိမ်မှူး၊ဆယ်အိမ်မှူးများနှင့်အဆင့်ဆင့်အပိုင်းအလိုက်အုပ်ချုပ်ထားသောကြောင့် တည်ငြိမ်အေးချမ်းမှုရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျေးရွာတွင်သဘာဝရေမြေရာသီဥတုအနေအထားသင့်တင့်မျှတပြီးလယ်ယာမြေအသုံးချနိုင်မှုမှာကောင်းမွန်ပါသည်။စိုက်ပျိုးရေအရင်းအမြစ်အားအသင့်ရရှိပြီးသီးနှံမျိုးစေ့၊ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများလည်းရရှိပါသည်။စိုက်ပျိုးရေအားအလွယ်တကူရရှိပါကသီးနှံများအထွက်နှုန်းတိုးပြီးကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအားကောင်းလာပါမည်။

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင်အသက်မွေးဝမ်းကျောင်းပညာများတတ်မြောက်မှုရှားပါးခြင်း၊လုပ်အားခအဆမတန်များပြားခြင်း၊ လယ်ယာပိုင်ရှင်များမှာလုပ်အားခနှင့် အရင်းအနှီးငွေတို့ကြောင့် အကျိုးအမြတ်အနည်းငယ်သာခံစားရခြင်းစသည့် အချက်များကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအား အဟန့်အတားဖြစ်စေပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်(၅)နှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) မိမိတို့နေထိုင်သောကျေးရွာသည်ဘာသာရေး၊ပညာရေး၊စီးပွားရေး၊လူမှုရေးစသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအတူတကွစုပေါင်းဆောင်ရွက်ခြင်းဖြင့်စည်းလုံးညီညွတ်သောကျေးရွာဖြစ်လာစေရမည်။

(၂) မိမိတို့နေထိုင်သောကျေးရွာသည်တောင်သူလယ်သမားများနှင့်လက်လုပ်လက်စားသမားများများပြားသည့်အတွက် လက်မှုလယ်ယာလုပ်ငန်းမှသည် စက်မှုလယ်ယာလုပ်ငန်းသို့ ပြောင်းလဲတိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန်အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

(၁)ကျေးရွာတွင်အရင်းအနှီးငွေ၊နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီးစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေချေးလုပ်ငန်းနှင့်ချေးငွေများအတွက်မြို့နယ်ရှိဘဏ်များရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများရရှိလာပါကစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်ခွဲဝေချထားပေးမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

(က) နှန်းခင့်ကျေးရွာမှအဆိုပြုသောစီမံချက်များအတွက်ဦးစားပေးအမှတ်ပေးဇယား

စီမံချက်	အကဲဖြတ်အမှတ်ပေး သူ(၁)	အကဲဖြတ်အမှတ်ပေး သူ(၂)	အကဲဖြတ်အမှတ်ပေး သူ(၃)	အကဲဖြတ်အမှတ်ပေး သူ(၄)	အကဲဖြတ်အမှတ်ပေး သူ(၅)	အကဲဖြတ်အမှတ်ပေး သူ(၆)	အကဲဖြတ်အမှတ်ပေး သူ(၇)	အကဲဖြတ်အမှတ်ပေး သူ(၈)	အကဲဖြတ်အမှတ်ပေး သူ(၉)	အကဲဖြတ်အမှတ်ပေး သူ(၁၀)	စုစုပေါင်း	အဆင့်
၁	၁၀	၇	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၉၇	၁
၂	၈	၂	၆	၅	၂	၂	၉	၄	၉	၂	၄၉	၂
၃	၅	၁	၃	၅	၃	၃	၈	၅	၆	၈	၄၇	၃
၄	၇	၁	၄	၄	၁	၂	၇	၆	၈	၃	၄၃	၄
၅	၄	၁	၁	၃	၂	၁	၆	၂	၃	၆	၂၉	၅

(ခ)နှန်းခင့်ကျေးရွာ ၏ ဦးစားပေးအဆင့်လုပ်ငန်းဇယားများ

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	Â				
၂	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၂		Â			
၃	အားကစားကွင်းပြုပြင်ခြင်း	၃			Â		
၄	ကျေးရွာတံတားပြင်ဆင်ခြင်း	၄				Â	

၅	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	၅					Â

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) အင်းတော်မြို့နယ်၊နန်းခင့်ကျေးရွာအုပ်စု၊ နန်းခင့်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

စဉ်	အမည်	အဘ အမည်	မှတ်ပုံတင် အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးခင်မောင်ငွေ	ဦးဘဟန်	၅/အတန(နိုင်)၀၀၆၇၇၈	၆၂	ဥက္ကဋ္ဌ	၀၉-၇၉၀၄၃၄၃၂၆
၂	ဦးကျော်လှိုင်	ဦးလှငွေ	၅/အတန(နိုင်) ၀၀၄၆၆၂	၅၀	အတွင်းရေးမှူး	၀၉-၂၅၆၃၉၀၄၆၄
၃	ဦးကျော်ထွန်းနိုင်	ဦးညွန့်မောင်	၅/အတန(နိုင်)၀၄၈၉၉၁	၄၆	စာရင်းကိုင်	၀၉-၇၉၂၈၈၃၂၅၇
၄	ဦး၀င်းလှိုင်	ဦးသန်းဖေ	၅/အတန(နိုင်)၀၅၃၁၀၄	၄၀	ဘဏ္ဍာရေးမှူး	၀၉-
၅	ဒေါ်မေမိုးဦး	ဦး၀င်းနိုင်	၅/အတန(နိုင်)၀၉၀၇၀၀	၂၆	သေ့ကိုင်(၁)	၀၉-၇၉၁၅၀၅၆၆၁၀
၆	ဒေါ်ပိုးပိုးအိ	ဦးသန်းလွင်	၅/အတန(နိုင်)၀၉၄၆၃၅	၂၆	သေ့ကိုင်(၂)	၀၉-၈၉၄၂၁၄၅၉၇
၇	ဦးထွန်းမင်းဦး	ဦးထွန်းရီ	၅/အတန(နိုင်)၀၆၃၅၈၁	၄၃	အဖွဲ့၀င်	၀၉-၂၅၆၃၀၈၆၇၄

(ခ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ဇယား

စဉ်	အခက်အခဲနှင့်ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရမည့် နည်းလမ်း	စီမံချက်များနှင့် လုပ်ငန်းများ
၁	ရွာတွင်းလမ်းမြေသားလမ်းဖြစ်သောကြောင့်မိုးရာသီတွင်သွားလာရန်ခက်ခဲခြင်း	တိရစ္ဆာန်နှင့်ယာဉ်များသွားလာမှုကြောင့်အခက်အခဲဖြစ်ပေါ်စေခြင်း	သဲကျောက်၊လုပ်အားများအလွယ်တကူရရှိနိုင်ခြင်း	-	ကျောက်ချောလမ်းခင်းရန်	ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ကျေးရွာလူထုမှပူးပေါင်းဆောင်ရွက်ရန်
၂	မူကြိုကျောင်းမရှိ၍ကလေးသူငယ်များပညာရေးမဖွံ့ဖြိုးခြင်း	ကျေးရွာလူထုမှငွေကြေးမလုံလောက်ခြင်း	မြေနေရာ၊သဲကျောက်အလွယ်တကူရရှိနိုင်ခြင်း	-	မူကြိုကျောင်းဆောက်ရန်	သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန်သွားရန်


၃	လူအများသွားလာသည့်လမ်းသည်မိုးရာသီတွင်ရေတိုက်စား၍မြေထိန်းနံရံတည်ဆောက်လိုခြင်း	ရွာသူ/သားများသည်ငွေကြေးမလုံလောက်ခြင်း	သဲကျောက်၊လုပ်အားများအလွယ်တကူထည့်ဝင်နိုင်ခြင်း	-	ကျောက်စီမြေထိန်းနံရံတည်ဆောက်လိုခြင်း	သက်ဆိုင်ရာဌာနမှကူညီဆောင်ရွက်ပေးပါရန်
၄	သောက်သုံးရေမလုံလောက်မှု	ရေအရင်းမြစ်ရှားပါးခြင်း	မြေနေရာရှိခြင်း၊သဲကျောက်လုပ်အားထည့်ဝင်နိုင်ခြင်း	-	စက်ရေတွင်းတူးရန်	ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ကျေးရွာမှပူးပေါင်းဆောင်ရွက်ရန်
၅	မိမိတို့ကျေးရွာသူ/သားများစိုက်ပျိုးရေမလုံလောက်၍ရေသွင်းမြောင်းပြုလုပ်ရန်	စိုက်ပျိုးရေရှားပါးခြင်း	လူအားများစွာကူညီဆောင်ရွက်ပေးနိုင်သည်။	-	ရေသွင်းမြောင်းပြုလုပ်ဆောင်ရွက်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ကျေးရွာလူထုများပူးပေါင်းဆောင်ရွက်ရန်

နောက်ဆက်တွဲ(၂)


နန်းခင့်ကျေးရွာအရင်းအမြစ်ပြမြေပုံ

ရန်ကင်းတောင်ခြေ ၊ ရန်ကင်းကျေးရွာ တောင်ခြေပြကွက်

နန်းခင့်ကျေးရွာရာသီခွင်ပြပြကွဒိန်



နန်းခင့်ကျေးရွာ Venn Diagram



နောက်ဆက်တွဲ(၃)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– နန်းခင့်ကျေးရွာ
ကျေးရွာအုပ်စု	– နန်းခင့်ကျေးရွာအုပ်စု
မြို့နယ်	– အင်းတော်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	– စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် – ကျေးရွာအတွင်းလမ်းကွန်ကရစ်ခင်းခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ သက်ကြီးရွယ်အိုများ၊ ကျောင်းသူ/သားများ ရွံ့၊နွံ့၊ဗွက်အိုင်ထူထပ်ပြီး သွားလာရန်ခက်ခဲသောကြောင့် ကွန်ကရစ်လမ်းခင်းရခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) သက်ကြီးရွယ်အိုများ၊ကျောင်းသူ/သားများအတွက် သွားလာရေးတွင်ရာသီဥတုမရွေးအဆင်ပြေ ချောမွေ့လွယ်ကူစွာ သွားလာနိုင်ရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကျေးရွာအတွင်း ကျန်းမာရေး၊ပညာရေး၊လူမှုစီးပွားဘဝ တိုးတက်မြင့်မားနိုင်ရန် မျှော်ပါသည်။	

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း(၁၀၀၀'×၁၂'×၆") ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀ (ငွေသား) • ၅၀၀၀၀၀၀ (ငွေသား)	• ကျေးလက်ဦးစီး • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၄၀၅	၄၄၃	၈၄၈	၆၂	၅၀	၃၀	၂၀	၁၆၂
အကျိုးခံစားမည့် ဦးရေ	၄၀၅	၄၄၃	၈၄၈	၆၂	၅၀	၃၀	၂၀	၁၆၂
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ– ၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း ကျေးရွာသူ/သားများနှင့် ကော်မတီအဖွဲ့ဝင်များ
(၂)စီမံချက် စတင်မည့်အချိန်(ခန့်မှန်း) ၁/၂၀၂၂
(၃) စီမံချက် ပြီးစီးမည့်အချိန် ၃/၂၀၂၂
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ် ကျေးရွာသူ/သားများနှင့် ကော်မတီအဖွဲ့ဝင်များ အစည်းအဝေးပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးခြင်း

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ဌေကြေးဆိုင်ရာအစီအစဉ်များ

ပစ္စည်းဝယ်ယူရေး၊ကော်မတီအား ထပ်မံဖွဲ့စည်းမည်။စီမံကိန်းလုပ်ငန်းပြီးပါက ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်း၍ လုပ်ငန်းအား အပ်နှံနိုင်ရန်စီစဉ်ဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၂	၄
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၇	၁၂	၁၉
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၉	၄၄	၇၃
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၇	၂၆	၅၃
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၁၃	၃၂၆	၆၃၉
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၇	၃၃	၆၀
စုစုပေါင်း		၄၀၅	၄၄၃	၈၄၈
စုစုပေါင်း အိမ်ထောင်စု				၁၆၂

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် နို့စို့အရွယ်နှင့် သက်ကြီးရွယ်ကြီးပိုင်းများ လျော့နည်းပြီး ကျောင်းနေအရွယ်ကလေးများမှာ အတော်အသင့်ရှိကာအလုပ်လုပ်နိုင်သည့် အရွယ်မှာ များပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၄၁	၁၂၂		မြင့် □လတ် နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၃	၆	၂	မြင့် □လတ် နိမ့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့်
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၈		မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၃၂	၆၄	၆၁	မြင့် ?လတ် ?နိမ့် ?
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၁	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၆	၆	၈	မြင့် ?လတ် ?နိမ့် ?
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၂	၂		မြင့် ?လတ် ?နိမ့် ?
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၁၉	**လူမှုရေး လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၇၀	၁၈၇	၆၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ?လတ် ?နိမ့် ?
	အလုပ်သမား / ဝန်ထမ်း	၂	၃	၀	မြင့် ?လတ် ?နိမ့် ?
	စုစုပေါင်း	၁၅၉	၄၀၁	၁၃၂	☒

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၆၂)စုရှိသည့်အနက် အိမ်ထောင်စု(၃) စုမှာ သက်ကြီးရွယ်ပိုင်းများဖြစ်သောကြောင့် ဝင်ငွေရလုပ်ငန်းအမျိုးအစားတွင် မထည့်သွင်းထားပါထို့ကြောင့် အိမ်ထောင်စုပေါင်း (၁၅၉)စုရှိရာ အများစုမှာ ရာသီအလိုက် အလုပ်သမားများဖြစ်ပြီး တောင်သူအဖြစ်လုပ်ကိုင်နေကြသောအိမ်ထောင်စုမှာ အသင့်အတင့်ရှိကြောင်းတွေ့ရသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် နေ့စားသမားများသည် ကျား၊မလုပ်အားကွာခြားမှုရှိပြီး လုပ်အားခအနေဖြင့် သင့်တင့်သောနှုန်းထားရရှိကြောင်းတွေ့ရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၁၆၄	ကောင်း သင့် ညံ့
ယာမြေ / တောင်ယာမြေ	၀.၀၀	ကောင်း သင့် ညံ့
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း သင့် ညံ့

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း □ သင့် ညံ့
ခနိတောမြေ	၀.၀၀	ကောင်း □ သင့်□ ညံ့ □
စားကျက်မြေ	၀.၀၀	ကောင်း □ သင့် ညံ့ □
မြေလွတ်မြေလပ်	၀.၀၀	ကောင်း သင့်□ ညံ့ □
စုစုပေါင်း	၁၆၄	☒

လေ့လာတွေ့ရှိချက်။ ကျေးရွာအတွင်း လယ်ယာမြေပိုင်ဆိုင်မှုမှတစ်ပါး အခြားသောစိုက်ပျိုးမြေပိုင်ဆိုင်မှုမရှိကြောင်းတွေ့ရပါသည်။ လယ်ယာမြေမှတစ်ပါး အခြားသော စိုက်ပျိုးမြေများတွင် စိုက်ပျိုးခြင်းမရှိသည်ကို တွေ့ရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ□□□□ သင့်□□ နည်း□□ မရှိÂ	လွယ်□□ခက်□ အသုံးမပြုနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ သင့် Â နည်း မရှိ□□	လွယ် Â ခက် အသုံးမပြုနိုင်ပါ □
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ သင့် Â နည်း မရှိ	လွယ် Â ခက် အသုံးမပြုနိုင်ပါ□
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ သင့် နည်းÂ မရှိ□□	☒

လေ့လာတွေ့ရှိချက်။ ကျေးရွာအနီးတွင် သဘာဝအပင်မျိုးစိတ်များဖြစ်သော နွားစာနှင့်ဆေးဘက်ဝင်အပင်များရရှိနိုင်ပါသည်။ ကျေးရွာအနီးမှ ချောင်းတွင် သဲကျောက်အသင့်အတင့်ရရှိနိုင်ကြောင်းတွေ့ရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀	၅.၇	၁.၅	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	တိုက်	ပျဉ်ထောင်	ထရံ	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူ	အရောင်းအဝယ်	ဝင်ငွေနည်း	အလွန်နည်း
အိမ်ထောင်စု	၄၄	၁၁၀	၈	-

လေ့လာတွေ့ရှိချက်။ ကျေးရွာအတွင်းရှိ အဆင်ပြေသောအိမ်ထောင်စုမှာ အသင့်အတင့်ရှိပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ အများအပြားရှိသည်။မပြေလည်သောအိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား =

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
ဖြစ်မှသာလျှင်အထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

လေ့လာတွေ့ရှိချက်။။။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများမရှိကြောင်းတွေ့ရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် လတ် နိမ့် Â မရှိ
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် လတ် Â နိမ့်□□□□□□□□မရှိ□□
၃	ရေကြီးခြင်း	မြင့် လတ်□□□□□□□□နိမ့် မရှိ□□
၄	မိုးခေါင်ခြင်း	မြင့်Âလတ် နိမ့်□□□□□□□□မရှိ□□
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□□လတ် Â နိမ့် မရှိ□□
၆	မုန်တိုင်း	မြင့်□□□□□□□□လတ် နိမ့် မရှိ
၇	ငလျင်	မြင့်□□□□□□□□လတ် နိမ့် Â မရှိ
၈	မီးဘေး	မြင့်□□□□□□□□လတ် နိမ့် မရှိ
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□□လတ် နိမ့်□□□□□□□□မရှိ Â
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် လတ် နိမ့်□□□□□□□□မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် လတ်Â နိမ့် မရှိ□□
၁၂	၄က်ဖျားရောဂါ	မြင့်□□□ လတ် Â နိမ့် မရှိ □□
၁၃	တီဘီရောဂါ	မြင့်□□□□□□□□လတ်Â နိမ့် မရှိ□□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့် Â မရှိ□□
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် □□□လတ်□□□□□□□□နိမ့် Â မရှိ
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်□□□□□□□□လတ် နိမ့် Â မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်□□□□□□□□လတ် နိမ့်□□□□□□□□မရှိ

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှု အခြေအနေများနည်းပါးပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် Â လတ် နိမ့် မရှိ
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်□□□□□□လတ် နိမ့် Â မရှိ□□
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်□□□□□□လတ် Â နိမ့် မရှိ□□
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ□□
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်Â လတ် နိမ့် Â မရှိ□□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ□□
၁၅	ဆေးစွဲသူများ	မြင့်□□□□□□လတ်□□□□□□နိမ့်□□□□□□□မရှိ□□
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□လတ်□□□□□□နိမ့်□□□□□□□မရှိ□□
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်□□□□□□လတ်Â နိမ့် မရှိ□□
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ□□
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်□□□□□□လတ်□□□□□□နိမ့် မရှိ

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ လူငယ်များသည်မူးယစ်ဆေးသုံးစွဲမှုများရှိလာသောကြောင့် ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ မြင့်ပါသည်။ အိမ်ထောင်ရေး၊စီးပွားရေး၊လူမှုရေးစသော

အခြေအနေများတွင် ပျက်စီးမှုများရှိလာကာ ကျေးရွာအတွင်းဖွံ့ဖြိုးတိုးတက်မှုတွင် နှောင့်နှေးကြန့်ကြာမှုများရှိလာကြောင်း တွေ့ရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁ ၂ ၃				ပညာရေး၊ငွေကြေး၊ ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး၊	ကောင်း သင့် ညံ့၊
၂	လူပျိုအပျို	၁ ၂ ၃				ပညာရေး ငွေကြေး၊ ကျန်းမာရေး၊ဘာသာရေး စိုက်ပျိုးမွေးမြူရေး၊သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး၊	ကောင်း သင့်၊ ညံ့၊
၃	ကျောင်းကော်မတီ	၁ ၂ ၃	၀	၀	၀	ပညာရေး ငွေကြေး၊ ကျန်းမာရေး၊ဘာသာရေး၊ ၊စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ၊လုံခြုံရေးနှင့်ကာကွယ်ရေး၊ ၊	ကောင်း သင့် ညံ့၊
၄	ဂေါပကအဖွဲ့	၁ ၊ ၂ ၃	၀	၀	၀	ပညာရေး၊၊၊ငွေကြေး ကျန်းမာရေး၊ဘာသာရေး စိုက်ပျိုးမွေးမြူရေး၊၊ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး	ကောင်း သင့်၊၊ ညံ့၊၊

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						?လုံခြုံရေးနှင့်ကာကွယ်ရေး??	
၅	အမျိုးသမီးရေးရာ	၁ ? ၂ ? ၃	၀	၀	၀	ပညာရေး???ငွေကြေးကျန်းမာရေး??ဘာသာရေး??စိုက်ပျိုးမွေးမြူရေး??သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး??လုံခြုံရေးနှင့်ကာကွယ်ရေး??	ကောင်းသင့်??ညံ့??
၆	မုဒိတာပရဟိတ	၁ ? ၂ ????? ၃	၀	၀	၀	ပညာရေး???ငွေကြေး??ကျန်းမာရေး?ဘာသာရေး?စိုက်ပျိုးမွေးမြူရေးသာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး?လုံခြုံရေးနှင့်ကာကွယ်ရေး??	ကောင်း??သင့်??ညံ့
၇	ဓမ္မစကူး	၁ ? ၂ ? ၃ ?	၀	၀	၀	ပညာရေး???ငွေကြေး??ကျန်းမာရေး?ဘာသာရေးစိုက်ပျိုးမွေးမြူရေး??သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး?လုံခြုံရေးနှင့်ကာကွယ်ရေး??	ကောင်း??သင့်??ညံ့??

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဖွဲ့စည်းထားသောအဖွဲ့အစည်းအသီးသီးမှ စည်းလုံးညီညွတ်စွာဖြင့် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြကြောင်းတွေ့ရှိရပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	စိုက်ဘဏ်	၁ ၂ □□၃ □□၄ □၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	တရုတ်အိတ်ဇင်းဘဏ်	၁ □□၂ ၃ □□၄ □၅ □□၆ □□၇ □	ပညာရေး ငွေကြေး ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃	ကသာဟိတရေ	၁ □၂ □□၃ □□၄ □၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄	မီးသတ်ဦးစီးဌာန	၁ □□၂ □□၃ □□၄ □၅ □□၆ □□၇ □	ပညာရေး ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး
၅	ပညာရေးဦးစီးဌာန	၁ □□၂ □□၃ □□၄ □၅ □□၆ □□၇ □	ပညာရေး ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး □□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆	မွေးမြူရေး	၁ □□၂ □□၃ □□၄ □၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

လေ့လာတွေ့ရှိချက်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၁	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၆	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၂	တောင်သူလတ်
၅	၁၂.၅ဧကအထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၆၂	☒

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနည်းပါးပြီး မြေယာမဲ့များပါသည်။အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုမှာ ၈%ခန့်သာရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ	ရှိ ☐ မရှိ ☐ မဖြေဆိုပါ
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
	စီမံကိန်း		ရာသီအလိုက် □ မဖြေဆိုပါ □	မရှိ □ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၈	ချောင်းရေ	၂၅.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် Â မဖြေဆိုပါ □	ရှိ □ မရှိ မဖြေဆိုပါ□

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏လယ်မြေများသည် အများစုမှာ မိုးရေခံလယ်ယာမြေများဖြစ်သည်။ချောင်းနှင့်နီးသောလယ်မြေများကိုလည်း ချောင်းရေတင်၍စိုက်ပျိုးခြင်းများလည်းအနည်းငယ်ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၆၁	တင်း	၅၀	၉၀	၇၀	ဝါခေါင်	သီတင်းကျွတ်	မြင့်လတ်နိမ့်	မြင့်လတ်နိမ့်
မြေပဲ	၁၅၀	တင်း	၄၀	၈၀	၆၀	ပြာသို	နယုန်	မြင့်လတ်နိမ့်	မြင့်လတ်နိမ့်
နေကြာ	၁၃	တင်း	၇	၁၂	၁၅	နိုဝင်ဘာ	ဒီဇင်ဘာ	မြင့်လတ်နိမ့်	မြင့်လတ် နိမ့်
								မြင့်လတ်နိမ့်	မြင့်လတ်နိမ့်
								မြင့်လတ်နိမ့်	မြင့်လတ်နိမ့်
								မြင့်လတ်နိမ့်	မြင့်လတ်နိမ့်

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏အဓိကသီးနှံအထွက်နှုန်းမှာ အသင့်အတင့်ထွက်ရှိပါသည်။သီးနှံများ၏အမြတ်ရရှိမှုမှာ နည်းပါးပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၄၀
လက်တွန်းထွန်စက်	၆	၀	၀	၃၄
အစေ့ချကိရိယာ	၀	၀	၀	၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၂	၀	၀	၄၃
ရေစုပ်စက်	၁၁	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လက်တွန်းထွန်စက်များအသုံးပြုမှုနည်းပါးပြီး နွားများကိုသာ အသုံးပြုသည်။ထို့ပြင် ထွန်စက်များနှင့် လက်တွန်းထွန်စက်များကို ငှားရမ်းပြီးလုပ်ကိုင်မှုများလည်း အနည်းငယ်ရှိပါသည်။စိုက်ပျိုးရေးလိုအပ်သောအခါ ရေစုပ်စက်ကို အသုံးပြုကာ ရေတင်ပြီး စိုက်ပျိုးပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

